တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၃၁။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၉ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၄၂

၂၀၁၈ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၀ တွင် ချမှတ်သော ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ ကယားပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီအပေါ် တင်သွင်းသောအယူခံမှု

ဒေါ်သန်းသန်းတင့် နှင့် ဒေါ်လေးလေးမြင့်

**အယူခံတရားလို** **အယူခံတရားပြိုင်**

အယူခံတရားလိုအတွက် - ဒေါ်ခိုင်ရွှေဝင်း၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် - ကိုယ်တိုင်

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်

လွိုင်ကော်ခရိုင်တရားရုံး၏ ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆ တွင် တရားလို ဒေါ်လေးလေးမြင့်က တရားပြိုင်ဒေါ်သန်းသန်းတင့်အပေါ် ယုံကြည်အောင်ပြောဆိုရယူသွားသော စိန်ထည်ဖိုးငွေကျပ် ၁၂၈၄၀၀၀၀/- နှင့် ကြာမြင့်ချိန်များအတွက် နစ်နာကြေးငွေကျပ် ၁၂၁၆၀၀၀၀/- စုစုပေါင်း ကျပ်သိန်း ၂၅၀ ရလိုမှုစွဲဆိုရာ တရားလိုဒေါ်လေးလေးမြင့်သည် တရားပြိုင် ဒေါ်သန်းသန်းတင့်ထံမှ ငွေကျပ် ၁၁၈၅၀၀၀၀/- ကို စရိတ်နှင့်တကွ ရထိုက်ခွင့်ရှိကြောင်းနှင့် ယင်းငွေအပေါ် တရားစွဲဆိုသည့် ၁၇-၁-၂၀၁၇ ရက်နေ့မှစ၍ အပြေအကျေပေးဆပ်သည့်နေ့အထိ တစ်နှစ်လျှင် ၉ % အတိုး ရထိုက်ခွင့်ရှိကြောင်း ဒီကရီချမှတ်သည်။ အဆိုပါဒီကရီကို တရားလို ဒေါ်လေးလေးမြင့်က ကယားပြည်နယ်တရားလွှတ်တော်သို့ ၂၀၁၈ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၁၀ ဖြင့် တင်သွင်းရာ အယူခံမှုကို တစ်စိတ်တစ်ဒေသခွင့်ပြုပြီး ဒေါ်လေးလေးမြင့်သည် ဒေါ်သန်းသန်းတင့်ထံမှ ငွေကျပ် ၇၀၃၅၀၀၀၀/- ကို စရိတ်နှင့်တကွ ရထိုက်ကြောင်းနှင့် ယင်းငွေအပေါ် တရားစွဲဆိုသည့်နေ့မှစ၍ အပြေအကျေပေးဆပ်သည့်နေ့အထိ တစ်နှစ်လျှင် ၉ % အတိုး ရထိုက်ခွင့်ရှိကြောင်း ပြင်ဆင်အမိန့်ချမှတ်သဖြင့် ဒေါ်သန်းသန်းတင့်က ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ ဤတရားမအယူခံမှုကို တင်သွင်းသည်။

အဆိုလွှာတွင် တရားပြိုင်က တရားလိုထံမှ စိန်ထည်လက်ဝတ်ရတနာများအား ရောင်းချပေးမည်ဟု ယုံကြည်အောင်ပြောဆိုပြီး ၂၃-၆-၂၀၁၆ ရက်နေ့ကစ၍ ယူဆောင်သွားရာ တရားပြိုင်ထံမှ စိန်ထည်လက်ဝတ်ရတနာဖိုးရရန် ငွေကျပ် ၁၂၈၄၀၀၀၀/- ကျန်ရှိကြောင်း၊ ၁၈-၁၀-၂၀၁၆ ရက်နေ့နှင့် နောက်ရက်များတွင် တောင်းခံသော်လည်း ပေးဆပ်ခြင်းမရှိ၍ များစွာ နစ်နာရကြောင်း၊ တရားပြိုင်ကိုးကွယ်သော အိုလမာသာသနာပညာရှင်များအဖွဲ့သို့ ၂၀-၁၀-၂၀၁၆ ရက်နေ့က အကြောင်းကြားစာ (၁) စောင်နှင့် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားစာပေးပို့ ခဲ့သော်လည်း တရားပြိုင်မှပြေလည်အောင် ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိကြောင်း အဆိုပြုသည်။

ချေလွှာတွင် တရားပြိုင်သည် လှိုင်ကော်မြို့နယ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတွင် ဘဏ္ဍာရေးမှူးအဖြစ်လည်းကောင်း၊ လှိုင်ကော်မြို့နယ်၊ အမျိုးသမီးရေးရာအဖွဲ့တွင် အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်နေသူဖြစ်၍ အသိမိတ်ဆွေရင်းနှီးသူ များပြားကြောင်း တရားလိုသိရှိသဖြင့် ၎င်း၏စိန်ထည်ပစ္စည်းများရောင်းချပေးရန် လာရောက် ကမ်းလှမ်းပြောဆိုရာမှ ၃-၃-၂၀၁၆ ရက်နေ့မှစ၍ လာရောက်ပေးအပ်သည့်ပစ္စည်း (၉၉) မျိုး၏ ကျသင့်တန်ဖိုးမှာ ငွေကျပ် ၈၉၅၆၀၀၀၀/- ဖြစ်ကြောင်း၊ တရားလိုပေးအပ်သည့်ပစ္စည်းများကို တရားပြိုင်၏မိတ်ဆွေ ဒေါ်မိုးမိုးငယ် နှင့် ရောင်းချခြင်းဖြစ်ပြီး ရောင်းချရငွေ စုစုပေါင်း ကျပ် ၂၁၅၆၀၀၀၀/- ကို တရားလိုသို့ ပေးအပ်ပြီးဖြစ်ကြောင်း၊ ဒေါ်မိုးမိုးငယ်က တရားပြိုင်ထံမှ ရယူသည့်ပစ္စည်းများကို ပေါင်နှံခဲ့ရာ ထိုပစ္စည်းများကိုလည်း ပြန်လည်ရွေးယူပြီး တရားလိုထံသို့ လက်ရောက်အပ်နှံပြီးဖြစ်ကြောင်း၊ ပြန်လည်အပ်နှံသည့်ပစ္စည်းတန်ဖိုးမှာ ငွေကျပ် ၆၈၉၁၀၀၀၀/- ဖြစ်သဖြင့် ပေးဆပ်ရန် ကျန်ငွေမှာကျပ် ၉၁၅၀၀၀/- သာဖြစ်၍ တရားလိုတွင်နစ်နာမှုမရှိကြောင်း၊ ဒေါ်မိုးမိုးငယ်ပေါင်နှံခဲ့သော စိန်ထည်ပစ္စည်းများကို တရားလိုမှ ရွေးနုတ်ရယူခဲ့ပြီးဖြစ်၍ ၎င်းတို့ (၂) ဦးအကြား ဖြေရှင်းရမည်ဖြစ်ပြီး တရားပြိုင်မှ ဖြေရှင်းရန် အကြောင်းမရှိ၍ တရားစွဲဆိုရန် အကြောင်းမရှိကြောင်း ချေပသည်။

လှိုင်ကော်ခရိုင်တရားရုံးက သက်သေခံ (၁) စိန်ရွှေပစ္စည်း (၉၉) မျိုး ကျသင့်ငွေ ကျပ် ၈၉၅၁၀၀၀၀/-၊ သက်သေခံ (၂) ရွေးယူပြီးဖြစ်သည့် ပစ္စည်း (၈၃) မျိုးကျသင့်ငွေကျပ် ၇၃၈၆၀၀၀၀/-၊ တရားပြိုင်မှ တရားလိုသို့ပေးချေပြီး ငွေကျပ် ၂၁၅ သိန်းဖြစ်သည်မှာ အငြင်းမပွား ကြောင်း၊ ပစ္စည်း (၈၃) မျိုးရွေးနုတ်ရာတွင် ပစ္စည်းရွေးနုတ်သူ ဒေါ်မိုးမိုးငယ်၏ထွက်ချက်နှင့် သက်သေခံ (၆) စာရင်းတွင် ရေးမှတ်ချက်အရ တရားလိုမှ စိုက်ထုတ်ရွေးငွေကျပ် ၇၀၃၅၀၀၀/- ဖြစ်၍ ပစ္စည်း (၁၆) မျိုးအတွက် ရရန်ကျန်ငွေကျပ် ၁၅၆၅၀၀၀၀/- နှင့်ပေါင်းပါက ငွေကျပ် ၂၂၆၈၅၀၀၀/- ဖြစ်ကြောင်း၊ တရားပြိုင်ပေးသွင်းငွေကျပ် ၂၁၅ သိန်းနုတ်လျှင် တရားပြိုင်ထံမှ ရရန်ကျန်ငွေကျပ် ၁၁၈၅၀၀၀/- ဖြစ်ကြောင်း ဒီကရီချမှတ်သည်။

ကယားပြည်နယ်တရားလွှတ်တော်က ဒေါ်သန်းသန်းတင့်သည် ဒေါ်လေးလေးမြင့် ထံမှ စိန်ထည်ပစ္စည်း (၉၉) မျိုး ယူရောင်းခြင်းနှင့် ဒေါ်လေးလေးမြင့်သို့ ငွေကျပ် ၂၁၅ သိန်းပေးပြီး ခြင်းမှာ အငြင်းမပွားကြောင်း၊ ဒေါ်မိုးမိုးငယ်၏ဆောင်ရွက်ပေးမှုကြောင့် ရတနာပစ္စည်း (၈၃) မျိုး

ပြန်ရသည်ကို ဝန်ခံထားပြီးဖြစ်ကြောင်း၊ ဒေါ်မိုးမိုးငယ်တင်ပြသည့် သက်သေခံ (ဖ) စာရွက်စာတမ်းကို အကြောင်းပြု၍ ဒေါ်လေးလေးမြင့်သည် ဒေါ်မိုးမိုးငယ်ပေါင်နှံသည့် ပစ္စည်း (၈၃) မျိုးပြန်လည်ရွေးနုတ်ရာတွင် ငွေကျပ် ၇၀၃၅၀၀၀/- စိုက်ထုတ်ခဲ့ရ၍ ၎င်းငွေကို ပြန်လည်ရထိုက်ခွင့်ရှိကြောင်း ပြင်ဆင်ဒီကရီချမှတ်သည်။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက အယူခံတရားလိုသည် အယူခံတရားပြိုင်ထံမှ စိန်ရွှေရတနာပစ္စည်း (၉၉) မျိုးကို ရောင်းချပေးရန် ရယူခဲ့သော်လည်း အဆိုပါ စိန်ရွှေရတနာပစ္စည်းများကို ရောင်းချပေးမည်ဟု ဒေါ်မိုးမိုးငယ် (ပြိုင်ပြ - ၄) မှ အယူခံတရားလိုထံမှ ရယူသွားပြီး အယူခံတရားလို မသိရှိရဘဲ ပေါင်နှံသုံးစွဲကြောင်း ပေါ်ပေါက်ကြောင်း၊ အယူခံတရားပြိုင်ထံမှ ရောင်းချရန် ရယူခဲ့သော ပစ္စည်း (၉၉) မျိုး၏ တန်ဖိုးမှာ သက်သေခံ (၁) စာရင်းအရ ငွေကျပ် ၈၉၅၁၀၀၀၀/- ဖြစ်ပြီး ပြန်ရွေးပစ္စည်း (၈၃) မျိုး၏တန်ဖိုးမှာ ငွေကျပ် ၇၃၈၆၀၀၀၀/- ဖြစ်ကြောင်း အငြင်းမပွားသဖြင့် ကျန်ရှိသည့်ပစ္စည်းစာရင်း (၁၆) မျိုးတန်ဖိုးမှာ ငွေကျပ် ၁၅၆၅၀၀၀၀/- ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ကြောင်း၊ သက်သေခံ (ဃ) လိုအပ်ပစ္စည်း (၁၆) မျိုး စာရင်းတွင် ပြန်ရွေးပြီး ပစ္စည်းများလည်း ထည့်သွင်းဖော်ပြထားသဖြင့် သက်သေခံ (ဃ) စာရင်းပါ တန်ဖိုးငွေကျပ် ၁၂၈၄၀၀၀၀/- မှာ မှန်ကန်မှုမရှိကြောင်း၊ အယူခံတရားလိုက အယူခံတရားပြိုင်အား ငွေကျပ် ၂၁၅ သိန်းပေးချေပြီးကြောင်း အယူခံတရားပြိုင်ကိုယ်တိုင်ဝန်ခံပြီးဖြစ်၍ ငွေကျပ် ၅၈၅၀၀၀၀/- ကိုပင် ပိုမိုရရှိပြီးဖြစ်ကြောင်း၊ ဒေါ်မိုးမိုးငယ်ပေါင်နှံခဲ့သော ပစ္စည်းများကို ရွေးနုတ်စဉ်က စိုက်ထုတ်ငွေကြေးပမာဏကို အယူခံတရားပြိုင်က စာရင်းအတိအကျတင်ပြနိုင်ခြင်းမရှိဘဲ ဒေါ်မိုးမိုးငယ်က သက်သေခံ (ဖ) စာရင်းကို တင်ပြခဲ့၍သာ အယူခံတရားပြိုင်စိုက်ထုတ်ရွေးနုတ်ခဲ့သည့်ငွေစာရင်းပေါ်ပေါက်ရခြင်းဖြစ်ကြောင်း၊ ထိုသို့ရွေးနုတ်ရာတွင် အယူခံတရားပြိုင်က ငွေကျပ် ၇၀၃၅၀၀၀/- စိုက်ထုတ်ရကြောင်း ပေါ်ပေါက်သဖြင့် ၎င်းပိုမိုရရှိထားသည့်ငွေကျပ် ၅၈၅၀၀၀၀/- ကို နုတ်ပယ်လျှင် ငွေကျပ် ၁၁၈၅၀၀၀/- ကိုသာ အယူခံတရားလိုမှ ပေးရန်ကျန်ရှိကြောင်း၊ အယူခံတရားလိုက အယူခံတရားပြိုင်အား ပေးချေပြီးဖြစ်သည့် ငွေကျပ် ၂၁၅ သိန်းကို နုတ်ပယ်ပေးသင့်ပါလျက် ဒေါ်မိုးမိုးငယ်ပေါင်နှံခဲ့သည့် ပစ္စည်း (၈၃) မျိုးပြန်လည်ရွေးနုတ်ရာတွင် ငွေကျပ် ၇၀၃၅၀၀၀/- စိုက်ထုတ်ခဲ့ရ၍ အဆိုပါငွေကို ပြန်လည်ရထိုက်ခွင့်ရှိကြောင်း ကယားပြည်နယ်တရားလွှတ်တော်က ဒီကရီချမှတ်ခြင်းမှာ မှားယွင်းနေပါသဖြင့် ပယ်ဖျက်ပြီး မူလလှိုင်ကော်ခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပြန်လည်အတည်ပြုပေးရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်က မူလရုံးတရားပြိုင်တင်ပြသော သက်သေခံ (၁) (၂) စာရင်းမှာ အမှုမစွဲဆိုမီက စာရင်းရှင်းလင်းရန်အတွက် မူလရုံးတရားလိုက မူလရုံးတရားပြိုင်ထံ ကြိုတင်ပေးပို့ထားသော စာရင်းများဖြစ်ကြောင်း၊ သက်သေခံ (၂) ပါ ပစ္စည်း (၈၃) မျိုးကို မူလရုံး တရားလိုက လက်ခံရရှိခဲ့ရာ ကျန်ပစ္စည်းမှာ (၁၆) မျိုးဖြစ်ပြီး တန်ဖိုးငွေကျပ် ၁၂၈၄၀၀၀၀/- ဖြစ်ကြောင်း၊ မူလရုံးတရားပြိုင်မှ သိရှိလက်ခံသဘောတူထားကြောင်း၊ ဒေါ်မိုးမိုးငယ်က အလွဲသုံးစားပြု ပေါင်နှံသောကြောင့်၊ မူလရုံးတရားလို စိုက်ထုတ်ရွေးခဲ့ရသော ပစ္စည်းမှာ (၈၃) မျိုးဖြစ်ပြီး တန်ဖိုးမှာ ငွေကျပ် ၇၀၃၅၀၀၀/- ဖြစ်သည်ဆိုသောအချက်သာ ထင်ရှားပေါ်ပေါက်ကြောင်း၊ ကယားပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်တွင်လည်း မူလရုံးတရားလိုစိုက်ထုတ်ရွေးငွေမှာ ကျပ် ၇၀၃၅၀၀၀/- ဖြစ်ကြောင်း မူလရုံးတရားပြိုင်က ဝန်ခံလျှောက်လဲထားကြောင်း ဖော်ပြသုံးသပ်ပြီး ပြင်ဆင်ချမှတ်

သော အမိန့်သည် ဥပဒေအရလည်းကောင်း၊ အကြောင်းခြင်းရာအရလည်းကောင်း ညီညွတ်မှုမှန်ကန်သောကြောင့် ဆက်လက်အတည်ပြုပြီး အယူခံမှုကိုပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

ယခုအမှုတွင် ပထမအယူခံရုံးက မူလရုံးတရားပြိုင်သည် ဒေါ်မိုးမိုးငယ်တင်ပြသည့် သက်သေခံ (၆) မှတ်တမ်းစာအုပ်ပါ စာရင်းကို အကြောင်းပြု၍ မူလရုံးတရားလိုစိုက်ထုတ်ရွေးငွေမှာ ကျပ် ၇၀၃၅၀၀၀/- ဖြစ်ကြောင်း ဝန်ခံလျှောက်လဲသည့်အတွက် ထိုစိုက်ထုတ်ရွေးငွေကျပ် ၇၀၃၅၀၀၀/- ကို မူလရုံးတရားလိုက ပြန်လည်ရထိုက်ခွင့်ရှိကြောင်း ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီသည် ဥပဒေနှင့်ညီညွတ်မှုရှိ မရှိ စိစစ်ရန်ဖြစ်သည်။

အမှုတွင် အယူခံတရားလိုဒေါ်သန်းသန်းတင့်သည် အယူခံတရားပြိုင်ဒေါ်လေးလေးမြင့်ထံမှ စိန်ထည်လက်ဝတ်ရတနာပစ္စည်း (၉၉) မျိုးကို ရောင်းချရန် လက်ခံရယူခဲ့ကြောင်း၊ ပစ္စည်းများရောင်းချရငွေအဖြစ် ငွေကျပ် ၂၁၅ သိန်းကို အယူခံတရားလိုက အယူခံတရားပြိုင်သို့ ပေးအပ်ပြီးဖြစ်ကြောင်း၊ ပစ္စည်း (၉၉) မျိုးအနက် ဒေါ်မိုးမိုးငယ် (ပြိုင်ပြ – ၄) က ပေါင်နှံသုံးစွဲသဖြင့် (၈၃) မျိုးကို အယူခံတရားပြိုင်က ဒေါ်မိုးမိုးငယ်၏ ဆောင်ရွက်ပေးမှုဖြင့် ပြန်လည်ရွေးယူခဲ့ရကြောင်း အငြင်းမပွားထင်ရှားသည်။

အယူခံတရားလို၊ တရားပြိုင်တို့ နှစ်ဦးနှစ်ဖက်လက်ခံသည့် စာမှတ်စာတမ်း သက်သေခံ (၁) အရ အယူခံတရားလိုသို့ ပေးအပ်သော စိန်ထည်လက်ဝတ်ရတနာပစ္စည်း (၉၉) မျိုး တန်ဖိုးမှာ ငွေကျပ် ၈၉၅၁၀၀၀၀/- ဖြစ်ပြီး သက်သေခံ (၂) အရ ပြန်လည်ရွေးယူသော စိန်ထည်လက်ဝတ်ရတနာပစ္စည်း (၈၃) မျိုးတန်ဖိုးမှာ ငွေကျပ် ၇၃၈၆၀၀၀၀/- ဖြစ်ကြောင်း တွေ့ရှိရသဖြင့် အယူခံတရားလိုထံမှ အယူခံတရားပြိုင်ရရန်ရှိသော စိန်ထည်လက်ဝတ်ရတနာပစ္စည်း အရေအတွက်မှာ (၁၆) မျိုးဖြစ်ပြီး တန်ဖိုးအားဖြင့် ငွေကျပ် ၁၅၆၅၀၀၀၀/- ဖြစ်ကြောင်း တွေ့ရှိရသည်။

စိန်ထည်လက်ဝတ်ရတနာပစ္စည်း (၈၃) မျိုးကို ပြန်လည်ရွေးယူရာ၌ အယူခံတရားပြိုင်မှ ငွေကျပ် ၇၀၃၅၀၀၀/- ကို စိုက်ထုတ်ခဲ့ရကြောင်း ဒေါ်မိုးမိုးငယ် (ပြိုင်ပြ – ၄) တင်ပြသည့် မှတ်တမ်းစာအုပ် သက်သေခံ (၆) ရှိစာရင်းတွင် ပေါ်ပေါက်ပြီး အယူခံတရားပြိုင်က အဆိုပါ စိုက်ထုတ်ငွေပမာဏ မမှန်ကန်ကြောင်း ငြင်းဆိုခြင်းမရှိပေ။ သို့ဖြစ်၍ အယူခံတရားပြိုင်သည် အယူခံတရားလိုထံမှ ပြန်လည်ရရှိရန် ကျန်ငွေကျပ် ၁၅၆၅၀၀၀၀/- နှင့် ပစ္စည်းစိုက်ထုတ်ရွေးငွေကျပ် ၇၀၃၅၀၀၀/- နှစ်ရပ်ပေါင်း ကျပ် ၂၂၆၈၅၀၀၀/- ရရှိရမည်ဖြစ်သည်။ အယူခံတရားလိုက အယူခံတရားပြိုင်ထံ စိန်ထည်လက်ဝတ်ရတနာပစ္စည်း (၉၉) မျိုးအတွက် ငွေကျပ် ၂၁၅ သိန်းကို ပေးသွင်းပြီးဖြစ်သဖြင့် အယူခံတရားလိုက ပေးရန်ကျန်ငွေမှာ ကျပ် ၁၁၈၅၀၀၀/- ဖြစ်ကြောင်း ပေါ်ပေါက်သည်။

အယူခံတရားပြိုင်က အယူခံတရားလိုထံမှ စိန်ထည်လက်ဝတ်ရတနာပစ္စည်း (၁၆) မျိုး တန်ဖိုးငွေကျပ် ၁၂၈၄၀၀၀၀/- ရရန်ရှိကြောင်း သက်သေခံ (ဃ) စာရင်းဖြင့် တင်ပြထားရာ၊ သက်သေခံ(၁) (၂) ပါ စာရင်းနှစ်ရပ်ခြားနား ငွေကျပ် ၁၅၆၅၀၀၀၀/- နှင့် ကွဲလွဲနေကြောင်း တွေ့ရှိရသည်။ စိန်ထည်လက်ဝတ်ရတနာပစ္စည်း (၉၉) မျိုးပေးအပ်စာရင်း သက်သေခံ (၁) နှင့် ပြန်ရွေးပစ္စည်း (၈၃) မျိုးစာရင်း သက်သေခံ (၂) တို့မှာ အယူခံတရားပြိုင်ကိုယ်တိုင်ရေးသွင်းထားသော စာရင်းများဖြစ်ကြောင်း ဝန်ခံသဖြင့် သက်သေခံ (ဃ) ပါ ငွေစာရင်းနှင့် သက်သေခံ (၁) (၂)

စာရင်းနှစ်ရပ်ခြားနားငွေတို့မှာ ကိုက်ညီရမည်ဖြစ်သော်လည်း စာရင်းကွဲလွဲနေခြင်းအပေါ် အယူခံတရားပြိုင်က ရှင်းလင်းထွက်ဆိုခြင်းမရှိကြောင်း တွေ့ရှိရသည်။ မူလရုံးတရားလို (အယူခံတရားပြိုင်)သည် စိန်ထည်ဖိုးငွေများရလိုကြောင်း စွဲဆိုခြင်းဖြစ်သော်လည်း ရရန်ကျန်ငွေကို ခိုင်လုံပြည့်စုံသော စာရင်းဖြင့် ရှင်းလင်းတင်ပြတောင်းခံခြင်းမရှိပေ။ အမှုထင်ရှားအောင် သက်သေပြရန်တာဝန်သည် သက်သာခွင့်တောင်းဆိုသော အမှုသည်အပေါ် တသမတ်တည်းတည်ရှိပြီး မည်သည့်အတွက် ဒီကရီရသင့်ကြောင်း တင်ပြရန် တရားလို၌ တာဝန်ရှိပေသည်။ အယူခံတရားပြိုင်မှတင်ပြသည့် သက်သေခံ (ဃ) စာရင်းရှိ ငွေပမာဏအပေါ် အယူခံတရားလိုက မှန်ကန်ခြင်းမရှိဟု ချေပထားသဖြင့် အမှုတွင် ထင်ရှားနေသော အထောက်အထားများအရသာ ဆုံးဖြတ်ရန်ဖြစ်သည်။ နှစ်ဖက်အငြင်းမပွားပေါ်ပေါက်သော နှုတ်သက်သေခံချက်များနှင့် စာမှတ်စာတမ်း သက်သေခံ (၁) (၂) (၆) ငွေစာရင်းအထောက်အထားများကို ဆက်စပ်တွက်ချက်လျှင် အယူခံတရားလိုက အယူခံတရားပြိုင်ထံသို့ ပြန်လည်ပေးဆပ်ရန် ကျန်ငွေသည်ကျပ် ၁၁၈၅၀၀၀/- ဖြစ်ကြောင်း ထင်ရှားသည်။

သို့ဖြစ်၍ ကယားပြည်နယ်တရားလွှတ်တော်က သက်သေခံ (၆) မှတ်တမ်းအရ ပစ္စည်းပြန်ရွေးစဉ် အယူခံတရားပြိုင်စိုက်ထုတ်ငွေကျပ် ၇၀၃၅၀၀၀/- ဖြစ်ကြောင်း အယူခံတရားလိုက ဝန်ခံလျှောက်လဲသည်ဟု သုံးသပ်ပြီး ငွေကျပ် ၇၀၃၅၀၀၀/- ရထိုက်ကြောင်း အမိန့်ချမှတ်ခြင်းသည် အမှုတွင်ပေါ်ပေါက်နေသော သက်သေခံချက်များကို လွဲမှားစွာကောက်ယူသုံးသပ်ထားသည့်အတွက် ဥပဒေနှင့်ညီညွတ်မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤအယူခံမှုကို စရိတ်နှင့်တကွ ခွင့်ပြုသည်။ ကယားပြည်နယ်တရားလွှတ်တော်၏ စီရင်ချက် နှင့် ဒီကရီကို ပယ်ဖျက်ပြီး လွိုင်ကော်ခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀/ - သတ်မှတ်သည်။

( သာငွေး )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး